အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
WOMEN'S LEAGUE OF BURMA

## ကမ္ဘာ့ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးမစ်ရှင်မှ ထုတ်ပြန်သည့် အစီရင်ခံစာပါ အကြံပြုချက်များအပေါ် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ။ ။ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်နေ့။

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ၊ ၂၂ ရက်နေ့တွင် ထုတ်ပြန်သော ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေး မစ်ရှင်၏ တိုင်းရင်းသားအမျိုးသမီးများနှင့် ရိုဟင်ဂျာ အမျိုးသမီးများအပေါ် တပ်မတော်မှ ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် ပတ်သက်သည့် အစီရင်ခံစာပါ အကြံပြုချက်များကို ဩဂုတ်လ ၅ ရက်နေ့တွင် ထုတ်ပြန်သော ကမ္ဘာ့ကုလသမဂ္ဂအချက်အလက်ရှာဖွေရေးမစ်ရှင်၏ တပ်မတော်ပိုင်စီးပွားရေးလုပ်ငန်းများ၊ ကုမ္ပဏီများနှင့် တပ်မတော်အား ကူညီထောက်ပံ့နေသည့် မြန်မာပြည်တွင်းရှိ စီးပွားရေးကုမ္ပဏီများအပေါ် အရေးယူပိတ်ဆို့မှုနှင့်ပတ်သက်သည့် အစီရင်ခံစာပါအကြံပြုချက်များနှင့်အတူ အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ ထောက်ခံကြိုဆိုလိုက်ပါသည်။

တပ်မတော်သည် ၎င်း၏စီးပွားရေးလုပ်ငန်းများမှ ရရှိသည့် ဝင်ငွေများဖြင့် လက်နက်ခဲယမ်းများ ဝယ်ယူရာတွင် တိုက်ရိုက်အထောက်အကူဖြစ်နေသည့်အပြင် မြန်မာစစ်တပ်နှင့် ဆက်စပ်မှုရှိသည့် စီးပွားရေးလုပ်ငန်းရှင်များ၏ စီးပွားရေးထောက်ပံ့မှုများကြောင့် တပ်မတော်အနေဖြင့် ငွေအင်အား၊ လူအင်အားများ အစဉ်တိုးချဲ့တည်ဆောက်ပြီး ဆိုးရွားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ချိုးဖောက်နေဆဲဖြစ်သည်။ ဗမာမဟုတ်သည့် တိုင်းရင်းသားဒေသအသီးသီးတွင်ရှိသော အမျိုးသမီးများ တွေ့ကြုံရင်ဆိုင်နေရသော လိင်ပိုင်းဆိုင်ရာ အဓမ္မကျူးလွန်မှုများ၊ မုဒိမ်းမှုများကို တပ်မတော်မှ လက်နက်တစ်ခုအဖြစ် ဆက်လက်အသုံးပြုနေခြင်းနှင့် ပြည်သူလူထုများမှာလည်း မြေဇာပင်ကဲ့သို့ ဆက်လက်အသုံးပြုခံနေရခြင်း၊ စသည်တို့အား အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) အနေဖြင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါသည်။

တပ်မတော်အနေဖြင့် ၎င်း၏စီးပွားရေးလုပ်ငန်းများမှတဆင့် လက်နက်အင်အားကြီးထွားလာခြင်းနှင့် လက်နက်အင်အားကို ပိုမိုအားကိုးလာခြင်းတို့သည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီရေးနှင့် ငြိမ်းချမ်း ရေးရေးလမ်းစဉ် ဖော်ဆောင်ရာတွင် အဟန့်အတားဖြစ်စေသည်သာမက တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်ကြား နေ့စဉ်နှင့်အမျှ ပဋိပက္ခကြီးထွားလာခြင်းကြောင့် ပြည်သူလူထုပေါင်း ၂၄၁,၀၀၀ ကျော် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ် ၊ ရခိုင်ပြည်နယ်တွင်းရှိ စစ်ဘေးဒဏ်ကြောင့် အိုးအိမ်စွန့်ခွာနေရပြီး၊ ယခင် ၁၉၉၀ ခုနှစ်မှစသည့် ကာလများတွင် ဖြတ်လေးဖြတ်ခေတ် အခြေအနေဆိုးရွားမှုကြောင့် ကရင်၊ ရှမ်း၊ ကရင်နီ စသည့် တိုင်းရင်းသားပြည်သူလူထု သိန်းဂဏန်းကျော် အိမ်နီးချင်းနိုင်ငံ၏ နယ်စပ်ဒေသတွင် ဒုက္ခသည်အဖြစ် ယခုထိ တစ်သိန်းကျော် ဆက်လက်ရှိနေသေးသည်။ ထို့အပြင် ၂၀၁၇ ခုနှစ်တွင် ရိုဟင်ဂျာ ပြည်သူများလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် (၇) သိန်းကျော်အဖြစ် ဒုက္ခသည်များအဖြစ် နေရသည်။ တိုင်းရင်းသားဒေသဖြစ်သော ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်တွင်လည်း တိုက်ပွဲများ ဆက်လက်ဖြစ်နေခြင်း၊ အကြမ်းဖက်ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခံရခြင်း၊

လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရခြင်း စသည့် လူမဆန်သော လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများ ဆက်လက်တွေ့ကြုံခံစားနေကြရသည်။

တပ်မတော်မှ ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများမှာ ဆယ်စုနှစ်များစွာ ကြာနေခဲ့ပြီး တာဝန်ယူဖြေရှင်းပေးရန် တောင်းဆိုမှုများသည် ယနေ့တိုင် ကန့်ကွက်မှု၊ ခြိမ်းခြောက်မှုများ ရင်ဆိုင်ရပြီး တပ်မတော်အနေဖြင့် ကင်းလွတ်ခွင့်များ ဆက်လက်ရရှိနေသည်။ သို့သော်လည်း ယခင်အကြမ်းဖက်မှုများကဲ့သို့ပင် ရိုဟင်ဂျာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကိုလည်း တရားမျှတစွာ အရေးယူဖော်ထုတ်ရာတွင် ကြီးမားသည့် စိန်ခေါ်များစွာ ရှိနေသေးသည်။

၂၀၁၉ ခုနှစ် မေလ (၁၀) ရက်နေ့ နေ့ခင်းပိုင်း (၁) နာရီခွဲဝန်းကျင် နမ့်ဆန်မြို့နယ်တွင် လက်ဖက်ခူးနေသူ အသက် (၂၇) အမျိုးသမီးတစ်ဦးကို အရပ်ဝတ် စစ်သား (၂) ဦးမှ အတင်းအဓမ္မမုဒိမ်းပြုကျင့်ခဲ့သည်။ သို့သော်လည်း ယနေ့ထိတိုင် ထိုအမှုကို တရားမျှတစွာအရေးယူဖော်ထုတ်ရန် စိန်ခေါ်မှုများစွာ ရှိနေသေးသည်။[1]

ထို့အပြင် ၂၀၁၉ ခုနှစ် ဇူလိုင်လ (၄) ရက်နေ့တွင် ကွတ်ခိုင်မြို့နယ်၊ ပိန်းပွန်အုပ်စု၊ နမ့်ဆောင်ကဲ့ကျေး ရွာတွင် နေထိုင်သောဒေါ်နန်ထန် အသက် (၅၁) နှစ်သည် သူမနေထိုင်ရာ နေအိမ်ဈေးဆိုင်အတွင်း ရက်စက်စွာ အသတ်ခံခဲ့ရသည်။

၎င်းမှုခင်းများနှင့်ပတ်သက်ပြီး ထိရောက်စွာ အရေးယူနိုင်မှု နှောင့်နှေးကြန့်ကြာနေခြင်း၊ တရားမျှတမှုနှင့် အမှန်တရားဖော်ဆောင်ရေးအတွက် လျစ်လျူရှုခံနေရခြင်းတို့သည် တပ်မတော်၏ စီးပွားရေးနှင့် လက်နက်အင်အား ကြီးမားနေမှုကြောင့်နှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ တပ်မတော်အား စီးပွားရေးထောက်ပံ့နေခြင်းများ၏ ဆိုးကျိုးများဖြစ်သည်။ ထို့ကြောင့် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် မည်သည့်အကြမ်းဖက်မှုကိုမဆို ဆက်လက်ထောက်ပြရှုတ်ချသွားမည်ဖြစ်သည်။

စီးပွားရေးအင်အားတောင့်တင်းလာနေသော တပ်မတော်ဖြင့် ပြစ်မှုများကို အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်များနှင့် ဆက်လက်ကျူးလွန်နေခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များမှ တပ်မတော်အား ထောက်ပံ့ပေး နေခြင်းများသည် ပြည်တွင်းစစ်ပဋိပက္ခများကို ပိုမိုဆိုးရွားလာစေသည့်အပြင် တိုင်းရင်းသူတိုင်းရင်းသားများမှာ ပဋိပက္ခ၏ မြေဇာပင်များ၊ သားကောင်များဖြစ်နေရခြင်းအပေါ် ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးမစ်ရှင်၏အစီရင်ခံစာ ထွက်ရှိချက်အရ နိုင်ငံတကာအသိုင်းအဝန်းနှင့် နိုင်ငံတကာအစိုးရ တာဝန်ရှိသူများအနေဖြင့် ထိရောက်သော ပိတ်ဆို့မှုများ ပြုလုပ်သင့်သည်။

ထို့ကြောင့် နိုင်ငံတကာဥပဒေအရ ရပ်တည်ချက်မှန်ကန်ကြောင်းနှင့် လုပ်သင့်လုပ်ထိုက်သော လုပ်ဆောင်ချက်များဖြစ်သည်ဟု အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးမစ်ရှင်၏ အစီရင်ခံစာထွက်ရှိချက်အပေါ်တွင်လည်း ၎င်းသဘောထား ထုတ်ပြန်ချက်နှင့်အတူထောက်ခံကြိုဆိုလိုက်ပါသည်။

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးမစ်ရှင် (Fact Finding Mission – FFM) ၏
အစီရင်ခံစာတွင်ပါရှိသော အောက်ဖော်ပြပါ အကြံပြုချက်များ ကို အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

[1] https://taangwomen.org/burmese/2019/06/10/%E1%80%90%E1%80%A1%E1%80%AC%E1%80%84%E1%80%BA%E1%80%B8%E1%80%A1%E1%80%99%E1%80%BB%E1%80%AD%E1%80%AF%E1%80%B8%E1%80%9E%E1%80%99%E1%80%AE%E1%80%B8%E1%80%84%E1%80%9A%E1%80%BA%E1%80%90%E1%80%85%E1%80%BA/

မှကြိုဆိုပါသည်။ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးမစ်ရှင် (Fact Finding Mission – FFM) ၏ အကြံပြုချက်များအရ  မြန်မာအစိုးရမှ

- တပ်မတော် အထက်အရာရှိကြီးများ၊ အာဏာရှိသူများနှင့် လုံခြုံရေး အမှုထမ်းများမှ ကျူးလွန်သော လိင်ပိုင်းဆိုင်ရာနှင့် ကျား-မဆိုင်ရာ အကြမ်းဖက်မှုများဖြစ်သော နိုင်ငံတကာဥပဒေအရ ဆိုးရွားသော ပြစ်မှုများဖြစ်သည့် လူအမြောက်အများအပေါ် ရာဇဝတ်ကျူးလွန်မှု၊ စစ်ရာဇဝတ်မှုနှင့် လူမျိုးတုံး သတ်ဖြတ်မှုများကို ချက်ခြင်း စုံစမ်းစစ်ဆေးရန် နှင့် တရားစွဲအရေးယူရန်၊
- တပ်မတော်ကာကွယ်ရေးဦးစီးချုပ် မှ တပ်မတော်သားများကို မုဒိမ်းမှုနှင့် မည်သည့်လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမဆို မကျူးလွန်ရန် အမိန့်ထုတ်ပြန်ရန်နှင့်၊
- ခိုင်လုံသော စုံစမ်းမေးမြန်းချက်များ၊ ဘက်လိုက်မှုမရှိသော စောင့်ကြည့်လေ့လာချက်များအရ ထွက်ရှိလာသော တပ်မတော် နှင့် လုံခြုံရေး အမှုထမ်းများမှ ကျူးလွန်သည်ဟု စွပ်စွဲထားသော ကျား-မဆိုင်ရာ အကြမ်းဖက်မှု အစီရင်ခံစာများအရ ကျူးလွန်သူများကို အကျဉ်းချရန်နှင့် တပ်မတော်မှ ထုတ်ပယ်ခြင်း စသည့် အရေးယူလုပ်ဆောင်ပေးရန် တို့ကို အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) အနေဖြင့် တောင်းဆိုလိုက်ပါသည်။

အမျိုးသမီးများ အဖွဲ့ချုပ်(မြန်မာနိုင်ငံ)

ဆက်သွယ်ရန်-

နော်ဆဲဆဲ- အထွေထွေအတွင်းရေးမှူး ( +၉ ၅၀၉ ၂၅၅၈၁၇၀၉ ၂)

နန်းဇင်နွယ်- မူဝါဒရေးရာဦးဆောင်အဖွဲ့ဝင် (+၉၅ ၉ ၄၄၉ ၃၂၉ ၅၈၀)